KBZ GROUP

No.615/1,PYAY ROAD, KAMAYUT TOWNSHIP, YANGON, MYANMAR. Ph: 538 075-76, 538 078-80 Fax: 538 069-71 www.kbzbank.com

# ကျန်းမာရေး၊ အန္တရာယ်ကင်းရေးနှင့် ပတ်ဝန်းကျင်ထိမ်းသိမ်းရေး (HSE) မူဝါဒ

KBZ ကုမ္ပဏီစုသည် ကျွန်ုပ်တို့၏ လုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သော အလုပ်သမားဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် အခြားသူအားလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ကို တတ်နိုင်သရွေ့ ဖန်တီးပေးရန် အဓိဌာန်ပြု တာဝန်ယူထားပါသည်။ ကျွန်ုပ်တို့သည် အစိုးရ၏ ဥပဒေနှင့် စည်းမျဉ်းအားလုံးကို လိုက်နာသည်သာမက နိုင်ငံတကာ၏ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ (သို့မဟုတ်) သာလွန်ကောင်းမွန်အောင် လုပ်ကိုင်ရန် ဆန္ဒရှိပါသည်။

အောက်ပါ ရည်မှန်းချက်များ ပြည့်ဝရေးကို အလေးထားပါသည်။

- လုပ်ငန်းခွင် အန္တရာယ်ကင်းရေးသည် ပထမ

- အန္တရာယ်ဖြစ်နိုင်သော နေရာများကို ဖော်ထုတ်ရေးနှင့် လျော့ပါးစေရေး

- မတော်တဆမှုများကို စောင့်ကြည့်ရေးနှင့် သတင်းပို့ရေး

- အန္တရာယ်ကင်းရေးကို အဆက်မပြတ်တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရေး

- လုပ်ဆောက်မှုကျင့်ဝတ်နှင့်အညီ ချမှတ်ထားသော ဤမူဝါဒကို KBZ ညွှန်ကြားရေးမှူးများ၊ စီမံခန့်ခွဲရေးအဖွဲ့နှင့် ဝန်ထမ်းအားလုံးက လိုက်နာရန်တာဝန်ရှိသည်။

- ဤမူဝါဒအတိုင်း ပြီးမြောက်စေရန် ကျွန်ုပ်တို့၏ လက်ခွဲလုပ်ငန်းအားလုံးကို အန္တရာယ်ကင်းရှင်းရေးစစ်ဆေးမှုနှင့် သင်တန်းပို့ချမှုကို ပုံမှန်လုပ်ဆောင်လျက်ရှိပါသည်။ ထိုလုပ်ငန်းတာဝန်ကို ၂၀၁၆ ဇွန်လ လောက်တွင် ပြီးစီးအောင် လုပ်ဆောင်ရန်တာဝန်ယူသည်။

- ကျွန်ုပ်တို့လုပ်ငန်းအသီးသီးရှိ လူပုဂ္ဂိုလ်နှင့် အသင်းအဖွဲ့များအား HSE ကို တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်တာဝန်ပေးထားပြီး ပုံမှန်အစီရင်ခံစာတင်ပြရန် တာဝန်ပေးထားသည်။ လိုအပ်ပါက ၎င်းတို့ကို လမ်းညွှန်မှုနှင့် သင်တန်းများပို့ချပေးပါမည်။

- လုပ်ငန်းခွင် အန္တရာယ်တွေ့ရှိလာပါက ချက်ချင်းသတင်းပို့ပြီး အလျင်အမြန်ဖယ်ရှားပစ်မည်ဖြစ်ပါသည်။

- HSE ဆိုင်ရာ အဖြစ်အပျက်များကို ကိန်းဂဏန်းနှင့်တကွ နှစ်စဉ်တင်ပြပါမည်။ ကျွန်ုပ်တို့၏ လက်ခွဲလုပ်ငန်းအသီးသီးထံမှ အဖြစ်အပျက်များကို လစဉ်ရယူသည့်စနစ်ကို ပြုလုပ်ထားသည်။ ဤစနစ်ကို ၂၀၁၆ ဖွန်လလောက်တွင် အပြည့်အဝ စတင်လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပါသည်။

- ကျွန်ုပ်တို့သည် လုပ်ဖောက်ကိုင်ဖက်အဖွဲ့အစည်းများ၊ ပစ္စည်းထောက်ပံ့သူများ၊ ပြိုင်ဖက်များ၊ စည်းကမ်းထိမ်းသိမ်းရေးအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ဖောက်သည်များနှင့် အခြားပါဂင်ပတ်သက်သူများနှင့်အတူ ဤလုပ်ထုံးလုပ်နည်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မည်။ ပြဿနာများရှိလာပါက သိရှိနိုင်ရန် သက်ဆိုင်ရာတို့ထံမှ တုံ့ပြန်သတင်းပေးမှုကို ကြိုဆိုလျက် ပုံမှန် ဖိတ်ခေါ်လုပ်ဆောင်မည်။

- အနည်းဆုံးအားဖြင့် ကျွန်ုပ်တို့လုပ်ငန်းဆောင်ရွက်နေသော နယ်ပယ်အတွင်းလက်ခံကျင့်သုံးနေသော လုပ်ထုံးလုပ်နည်းများ စံသတ်မှတ်ချက်များ၊ အန္တရာယ်ကင်းရှင်းရေး ဥပဒေများနှင့် ကျန်းမာရေးဆိုင်ရာ ကျင့်ထုံးများအားလုံးကို လိုက်နာဆောင်ရွက်ပါမည်။

- ပတ်ဂန်းကျင်အပေါ် ကျွန်ုပ်တို့၏ သက်ရောက်မှုမှာ ကျွန်ုပ်တို့လူသားထုကိုပင်ကျော်လွန်ပါသည်။ ကျွန်ုပ်တို့ လုပ်ဆောင်မှုကြောင့် ထိခိုက်မှုများနှင့် ပတ်သက်လျှင် ကျွန်ုပ်တို့အလွန်ပင် သတိကြီးစွာ ထားလျက် လုပ်ဆောင်ပါသည်။ အသေးစိတ် ကို ကျွန်ုပ်တို့၏ "ပတ်ဂန်းကျင်ဆိုင်ရာ မူဂါဒ" တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။